“တံခါးဖွင့်ပြုပြင်ပြောင်းလဲသောအနှစ်(၄၀)ပြည့်”

# အနှစ်(၄၀)အတွင်းကြီးမားသောပြောင်းလဲမှု

အယ်ဒီတာအာသွန်း။ ယခုနှစ်သည် တရုတ်နိုင်ငံ တံခါးဖွင့်ပြုပြင်ပြောင်းလဲသည့် အနှစ်(၄၀)ပြည့်နှစ်ဖြစ်သည်။ အနှစ်(၄၀) အကောင်အထည်ဖော်လုပ်ဆောင်မှုများဖြင့် ပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်မှုသည် ယခုခေတ်ပေါ်တရုတ်နိုင်ငံကံကြမ္မာကို ဆုံးဖြတ်ပေးသည့် အရေးပါရွေးချယ်မှုဖြစ်သည်ကို ပြည့်ဝစွာသက်သေပြနိုင်ခဲ့ပြီဖြစ်သည်။ ၎င်းသည် ယခုခေတ်တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သည့် ခွန်အားအရင်းလည်းဖြစ်သည်။ ဤစာစောင်ထဲတွင် အဖက်ဖက်မှအသံများကို စုဆောင်းပြီး စာဖတ်ပရိသတ်များအား တံခါးဖွင့် ပြုပြင်ပြောင်းလဲမှု အောင်မြင်မှုရလဒ်များကို မိတ်ဆက်ပေးမည်ဖြစ်ပြီး ခေတ်သစ်တရုတ်နိုင်ငံ၏ ဘက်စုံပြုပြင်ပြောင်းလဲခြင်း၊ တံခါးဖွင့်လှစ်မှုကိုတိုးချဲ့ခြင်း၏ ခိုင်မာသောယုံကြည်မှုကို ပြသသွားမည်ဖြစ်သည်။

# အရှိန်မြင့်ရထားသည် ယူနန်၏ “မိတ်ဆွေအသိုင်းအဝိုင်း” ကိုတိုးချဲ့

နွေရာသီ၏နံနက်ခင်းက ဖူကျဲပေါ မြို့နယ် ရှန်းရိန်တုံရွာမှရွာသား လျောပေါက်ဟွာသည် သူ၏ဈေးဦးဖောက်ဒညှသည်ကို ကြိုဆိုလာသည်။ သီချင်းလေးဆိုရင်း မြင်းလှည်းမောင်းဖြင့် ဧည့်သည်များကို ရှန်းရိန်တုံရွာသို့ရွှင်လန်းစွာပို့ပေးခဲ့သည်။

ရှန်းရိန်တုံရွာသည် အမျိုးသား 4A အဆင့် နာမည်ကျော်ရှုခင်းဇုန်ဖူကျဲပေါ၏ဗဟိုနေရာတွင် တည်ရှိပါသည်။ ယခင်ကရွာသူရွာသားများသည် ငါးဖမ်းကာ အသက်မွေးဝမ်းကျောင်းပြုခဲ့ပြီး (၁၉၉၃) ခုနှစ်မတိုင်ခင်က တစ်ရွာလုံးတစ်ဦးလျှင်နှစ်စဉ်ပျှမ်းမျှဝင်ငွေမှာ တရုတ်ယွမ်(၃၀၀) သာရှိခဲ့သည်။

(၂၀၁၆)ခုနှစ်ဒီဇင်ဘာလ(၂၈)ရက်နေ့က ဖွင့်လှစ်လိုက်သော နန်နင်း-ကူမင်း အမြန်ရထားလမ်းသည် ဖူကျဲပေါတွင် အမြန်ရထားဂိတ်တည်ခဲ့ရာ ဤရွာကလေးကို “အရှိန်မြင့်ရထားခေတ်”သို့ ရောက်ရှိအောင်လျှောက်လှမ်းစေခဲ့သည်။ အရှိန်မြင့်ရထားဖွင့်လှစ်ပြီး ခရီးသည်များစွာရောက်ရှိခဲ့သည်။ “အခု မြင်းလှည်းနဲ့ခရီးသည်တွေကို ရှုခင်းဇုန်သို့ လိုက်ပို့တာဟာ တစ်ရက်မှာ ဝင်ငွေယွမ်(၄၀၀)မှ (၅၀၀) အထိရနိုင်တယ်။”ဟု လျောပေါက်ဟွာက ဝမ်းသာစွာပြောသည်။

ရထားလမ်းသည် အမျိုးသားစီးပွားရေး၏သွေးကြောဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုကျင်းသုံးသည့် အနှစ်(၄၀)ပြည့်အတွင်း နိုင်ငံတော်အလေးပါအခြေခံ အဆောက်အအုံဆောက်လုပ်ရေးအထဲ ထည့်သွင်းအင်အား ဆက်လက်တိုးထည့်နေသည်နှင့်အတူ ယူနန်ရထားသံလမ်းဆောက်လုပ်ရေးလည်းအရှိန်အဟုန်မြင့်လုပ်ဆောင်နေလျက်ရှိနေပါသည်။ (၁၉၈၇)ခုနှစ် ကွေ့ကျိုး-ကူမင်းရထားလမ်း လျှပ်စစ်ဓာတ်ငွေ့ပြုပြင်ပြောင်းလဲမှုလုပ်ငန်း ဖုန့်ဟွန်တောင်မှ ကူမင်းအပိုင်း လုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့သည်။ (၁၉၉၀) ခုနှစ်ဇူလိုင်လတွင် ရထားလမ်းတစ်လိုင်းလုံးဖွင့်လှစ်ခဲ့ရာ တိုးလာသောကုန်သယ်ပို့မှုစွမ်းအားမှာ တန်ချိန်(၁၅)သန်းအထိ တိုးမြှင့်သယ်ပို့ပေးနိုင်ခဲ့သည်။ ရထားပုံမှန်လည်ပတ်သည့်အရှိန်လည်း လျှပ်စစ်ဓာတ်ငွေ့ပြုပြင်ပြောင်းလဲမှု မတိုင်မီက တစ်နာရီ(၆၂)ကီလိုမီတာမှ (၇၀)ကီလိုမီတာအထက်ထိ မြှင့်တင်လာနိုင်ခဲ့သည်။ “ရထားက ကားလောက်မမြန်ဘူး” ဆိုသည့် ယူနန်၏ “နှစ်တရာဆန်းပြားချက်” ကို ပြောင်းလဲနိုင်ခဲ့ပါသည်။

(၂၁)ရာစုအတွင်း ရောက်သည့်အခါ ယူနန်သည် “ပြည်နယ်(၈)ခုထွက်၊ နိုင်ငံ(၅)ခုထွက်” သည့် ရထားလမ်းကွန်ရက်သက်ဆိုင်ရာအစီအစဉ်ကို တင်ပြခဲ့ရာ တစ်ပြည်နယ်လုံးသံလမ်းဆောက်လုပ်ရေးသည် ဖွံ့ဖြိုးတိုးတက်သည့် အလားအလာအကောင်းဆုံးအချိန်ကို ရောက်ရှိလာခဲ့ပါသည်။ (၂၀၀၄)ခုနှစ်ကစပြီး တရုတ်နိုင်ငံရထားလမ်း ကူမင်းညွှန်ကြားရေးမှူးရုံးအုပ်စုကုမ္ပဏီသည် နိုင်ငံတော်မှ 《ကာလအလယ်အရှည်ရထားလမ်းကွန်ရက်စီမံကိန်း》 ကို လုပ်ဆောင်သည့် အခွင့်အရေးနှင့်အတူ ရထားလမ်းကွန်ရက်ဆောက်လုပ်ရေးကို အကြီးစားတွန်းတင်ခဲ့သည်။ (၂၀၁၆)ခုနှစ် ဒီဇင်ဘာလ (၂၈)ရက်နေ့ ရှန်ဟိုင်း-ကူမင်းခရီးသည် အထူးရထား၊ နန်နင်း-ကူမင်းသံလမ်းနှင့် ကူမင်း-ယွီရှီးသံလမ်းဖွင့်လှစ်ခဲ့ရာ ယူနန်သည် အရှိန်မြင့်ရထားခေတ်သို့တရားဝင် ဝင်ရောက်နိုင်ခဲ့ပြီဖြစ်သည်။





ယူနန်သည် နိုင်ငံတော်အဆင့်ခရီးသွားရှုခင်းဇုန်(၂၃၂)ခု ပိုင်ဆိုင်ထားသည်။ ကျောက်တောဥယျာဉ်(stone forest)၊ ဟုန်ဟော၊ တာလီ၊ လီကျန်း၊ စစ်ဆောင်ပန်းနား၊ ထိန်ချုံး၊ ရှန်းဂရီလာစသည့် ပြည်တွင်းရောပြည်ပပါ နာမည်ကျော်ခရီးသွားနေရာများရှိနေပါသည်။ အရှိန်မြင့်ရထား၏ဖွင့်လှစ်မှုကြောင့် ယူနန်နှင့်တရုတ်တောင်ပိုင်း၊ အရှေ့ပိုင်းနှင့်မြောက်ပိုင်းဒေသ၏ နေရာအကွာအဝေးကို များစွာလျှော့နည်းစေနိုင်ခဲ့ပြီး ယူနန်ရပ်သူရပ်သားများ၏ “မိတ်ဆွေအသိုင်းအဝိုင်း”ကို တိုးချဲ့နိုင်ခဲ့သည်။ ယခုအထိ ယူနန်အရှိန်မြင့်ရထားသည် ခရီးသည်ပေါင်း(၁၇.၅၀၇) သန်းကို ပို့ဆောင်နိုင်ခဲ့သည်။ တစ်နိုင်ငံလုံး ပြည်နယ်(ဇုန်၊ မြို့)(၁၆)ခု၏ ပင်မမြို့များသို့ တိုက်ရိုက်ရောက်နိုင်သည့် အရှိန်မြင့်ရထားများကို ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။

သတင်းထောက် ဟူရှောင်ယုံ

# ယခုနှစ် ပထမ(၅)လအတွင်း ယူနန်ပြည်ပကုန်သွယ်သွင်းထုတ်နှုန်းမှာ (၅၉%)တိုးမြှင့်

ကူမင်းအကောက်ခွန်ဌာနမှရရှိသော သတင်းအရ ယခုနှစ်ပထမ(၅)လတွင် ယူနန်ပြည်နယ်သည် ပြည်ပကုန်သွယ်သွင်းထုတ်မှုမှာ ယွမ်ငွေပေါင်း(၇၇.၁၉) ဘီလီယံဖြစ်မြောက်ခဲ့ပြီး မနှစ်ကကာလတူထက်(၅၉%)တိုးမြှင့်ခဲ့သည်။ ၎င်းအနက်၊ ထုတ်ကုန်မှာယွမ်ငွေပေါင်း (၂၈.၅၁)ဘီလီယံရှိကာ၊ (၁၈.၃%)တိုးမြှင့်၊ သွင်းကုန်မှာယွမ်ငွေပေါင်း(၄၈.၆၈) ဘီလီယံရှိခဲ့ကာ (၉၉.၂%)တိုးမြှင့်ခဲ့သည်။

ယခုနှစ်ပထမ(၅)လအတွင်းတစ်ပြည်နယ်လုံး ပုံမှန်ကုန်သွယ်သွင်းထုတ်ကုန်ပမာဏမှာ ယွမ်ငွေပေါင်း(၄၆.၈၃)ဘီလီယံရှိပြီး (၈၃.၄%)တိုးမြှင့်ခဲ့သည်။ တစ်ပြည်နယ်လုံးနယ်စပ်ပြည်သူအပြန်အလှန်ဈေးသွင်းထုတ်ကုန်ပမာဏမှာ ယွမ်ငွေပေါင်း(၁၁.၅၈)ဘီလီယံရှိခဲ့ပြီး (၃၁.၃%) တိုးမြှင့်ခဲ့သည်။ နယ်စပ်အသေးစားကုန်သွယ်သွင်းထုတ်ကုန်ပမာဏမှာ ယွမ်ငွေပေါင်း (၉.၄၆)ဘီလီယံရှိပြီး (၅.၄%)တိုးမြှင့်ခဲ့သည်။ တစ်ပြည်နယ်လုံးကုန်ချောကုန်သွယ်သွင်းထုတ်ကုန်ပမာဏမှာ ယွမ်ငွေပေါင်း(၈.၁၈)ဘီလီယံရှိပြီး (၁.၂)ဆတိုးမြှင့်ခဲ့သည်။ ယူနန်နှင့်အဓိကဈေးကွက်၏ကုန်သွယ်မှုတိုးမြှင့်နှုန်းအလားအလာသည် ကောင်းမွန်သည်။ ၎င်းအနက်၊ အာဆီယံနှင့်အကြားကုန်သွယ်မှုပမာဏမှာ(၂၀.၉%) တိုးမြှင့်ခဲ့ပြီး လက်တင်အမေရိကတိုက်နှင့်ကုန်သွယ်မှုပမာဏမှာ(၉၂.၆%)တိုးမြှင့်ခဲ့သည်။ ဥရောပEU၊ အီရန်၊ အမေရိကန်နှင့်ကုန်သွယ်မှုပမာဏအသီးသီးမှာ (၂၀.၁%)၊ (၄.၅)ဆ၊ (၂၈.၃%)တိုးမြှင့်ခဲ့သည်။

ယခုနှစ် ပထမ(၅)လအတွင်း ယူနန်မှပြည်ပသို့တင်ပို့သည့် လျှပ်စစ်စက်ပစ္စည်း၊ အလူမီနီယံကုန်ကြမ်း၊ လျှပ်စစ်မီးအား၊ မီးသွေးခဲတို့၏တိုးမြှင့်နှုန်းမှာ ကြီးမားပါသည်။ ကုန်ပစ္စည်းသွင်းယူနယ်ပယ်တွင် စွမ်းအင်၊ စိုက်ပျိုးကုန်ပစ္စည်း၊ လျှပ်စစ်ကုန်ပစ္စည်းများ တိုးမြှင့်နှုန်းသိသာသည်။ သွင်းကုန်သည် ယခုနှစ်ပထမ(၅)လပိုင်းကာလတွင် ယူနန်တစ်ပြည်နယ်လုံးပြည်ပကုန်သွယ်တိုးမြှင့်နှုန်းကိုထောက်ပံ့သည့် အဓိကတွန်းအားဖြစ်လာပြီး ယူနန်ပြည်ပကုန်သွယ်တိုးမြှင့်နှုန်းအပေါ် ထောက်ပံ့နှုန်းမှာ(၈၄.၆%)ရောက်ရှိသည်ဟု ကူမင်းအကောက်ခွန်ဌာနမှ မိတ်ဆက်ခဲ့သည်။

သတင်းထောက်-လျောကျီယူ

# တရုတ်နိုင်ငံကုသိုလ်အဖြစ် ကမ္ဘောဒီးယား၏သောက်သုံးရေ ထောက်ပံ့ခြင်းစီမံကိန်းသည် လူဦးရေ(၁)သိန်းကျော်၏သောက်လုံးရေလုံခြုံရေးပြဿနာကို ဖြေရှင်းပေး

ဇူလိုင်လ(၂)ရက်နေ့ တရုတ်နိုင်ငံမှ ထောက်ပံ့ဆောက်လုပ်သည့် ကမ္ဘောဒီးယားကန်တန်ပြည်နယ် PonheaLeurဇုန် ChombokPhlosရွာ၏ အမှတ်(၁၇)အကာအယံပါအင်းအိုင်တွင် လွှဲအပ်ခြင်းအခမ်းအနားကိုကျင်းပခဲ့သည်။

အမှတ်(၁၇)အကာအယံပါ အင်းအိုင်စီမံကိန်းသည် တရုတ်နိုင်ငံမှ ကမ္ဘောဒီးယားကျေးရွာ ရေထောက်ပံ့မှုစီမံကိန်း၏ ပထမကာလပိုင်း လုပ်ငန်းဖြစ်ကြောင်း၊ တရုတ်နူကလီးယားအုပ်စုသည် အဆိုပါစီမံကိန်းပထမကာလပိုင်း၏ ကန်ထရိုက်ချုပ်ဖြစ်ခဲ့ရာ ယခင်နှစ်ဇူလိုင်လမှစပြီး ပေါင်စစ်ပေ၊ ပေါင်ထုံး၊ ကန်တန်၊ ထက်ပိန်ခမုန်နှင့်ချိက်ကျိန်းစသည့် ပြည်နယ်(၆)ခုတွင် စစ်ဆေးတွင်း(၈၄၆)ခု တူးပြီး ပုံမှန်ရေအင်းအိုင်(၄၅)ခု၊ အကာအယံပါအင်းအိုင်(၂၈)ခုကို အသစ်တည်ဆောက်ခဲ့ကြောင်း၊ ယခုအထိလုပ်ငန်းအားလုံး အကောင်ထည်ဖော်လုပ်ဆောင်ပြီးဖြစ်၍ စစ်ဆေးလက်ခံလွှဲပြောင်းသည့် အင်းအိုင်နှင့်ရေတွင်းအရည်အသွေးမှီနှုန်းမှာ(၁၀၀%) ဖြစ်ကြောင်း၊ ပထမကာလပိုင်းလုပ်ငန်း၏ ဆောက်လုပ်ပြီးစီးခြင်းကြောင့် ကမ္ဘောဒီးယားပြည်နယ်(၆)ခုမှ ပြည်သူ(၁)သိန်းအတွက် သုံးရေပြဿနာကို ဖြေရှင်းပေးခဲ့ပြီးလုံခြုံစိတ်ချရသည့် သောက်သုံးရေလည်း သောက်သုံးစေနိုင်ခဲ့ပါကြောင်း စသည်ဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်မှ မိတ်ဆက်ခြင်းအရ သိရပါသည်။

သတင်းထောက် ယူကျန်းနင်